## ကုမ္ပဏီအကြောင်း

GGI သည် ၂၀၁၃ ခုနှစ်ကစပြီး မြန်မာ့အာမခံလုပ်ငန်းနယ်ပယ်မှာ ဂုဏ်သိက္ခာအရှိဆုံးဆိုတဲ့ နာမည်တစ်ခုကို တည်ဆောက်နိုင်ခဲ့တဲ့ အာမခံကုမ္ပဏီတစ်ခုပါ။ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ လူတစ်ဦးတစ်ယောက်ချင်းစီနဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ ငွေကြေးကိစ္စရပ်တွေ အဆင်ပြေချောမွေ့နေစေဖို့အတွက် အကာအကွယ်ပေးမယ့် အာမခံလုပ်ငန်းတွေကို လိုအပ်လာတယ်လို့ GGI က ထင်မြင်သုံးသပ်မိပါတယ်။ ဒါကြောင့် GGI အနေနဲ့ လူကြီးမင်းတို့ တန်ဖိုးအထားရဆုံးအရာတွေကို အကာအကွယ်ပေးမယ့် အထူးအာမခံဝန်ဆောင်မှုတွေပေးစွမ်းဖို့ ကြိုးစားနေတဲ့အတွက် လူကြီးမင်းတို့ရဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ ယုံကြည်ချက်ကိုလည်း ရရှိစေမှာပါ။

GGI သည် ၂၀၁၉ ခုနှစ်မှာ ဂျပန်နိုင်ငံရဲ့ အာမခံလုပ်ငန်းဦးဆောင်ကုမ္ပဏီတစ်ခုဖြစ်တဲ့ Tokio Marine နဲ့ လက်တွဲလိုက်ပြီ ဖြစ်ပါတယ်။ ထိုကဲ့သို့ ဂုဏ်သိက္ခာရှိပြီး အရည်အသွေး ပြည့်ဝတဲ့ ကုမ္ပဏီနဲ့ အတူတကွ လက်တွဲလုပ်ဆောင်ရတဲ့အတွက် GGI အနေနဲ့များစွာ ဂုဏ်ယူရပါတယ်။ Tokio Marine ရဲ့ နိုင်ငံတကာအတွေ့အကြုံနဲ့ ကျွန်ုပ်တို့ရဲ့ ပြည်တွင်းလုပ်ငန်းနဲ့ မြန်မာပြည်သူလူထု အကြောင်း သိနားလည်မှုတို့ ပေါင်းစပ်ပြီး မြန်မာနိုင်ငံရဲ့ အာမခံဈေးကွက်မှာ ထူးခြားပြီး အရည်အသွေးမြင့်တဲ့ အာမခံဝန်ဆောင်မှု အမျိုးအစားအသစ်တွေကို ဆောင်ရွက်ပေးနိုင်ဖို့အတွက်လည်း များစွာစိတ်လှုပ်ရှားမိပါတယ်။

## ဆက်သွယ်ရန်


**ရုံးချုပ်လိပ်စာ**
အမှတ် (၁၉/၂၀)၊ A, B, C, D
Junction Square ဝင်းအတွင်း၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်တိုင်း ဒေသကြီး။

ဖုန်း : ၀၁ ၂၃၉၉ ၇၇၇
အီးမေးလ် : info@ggitokiomarine.com
ဝက်ဘ်ဆိုက် : www.ggitokiomarine.com


GGI TOKIO MARINE
အထွေထွေအာမခံ



# ရေကြောင်း ကုန်ပစ္စည်း အာမခံ

လုံခြုံကြွယ်ဝ သင့်အနာဂတ်ဘဝ

# သင့်ကုန်ပစ္စည်းကို သယ်ယူရာတွင် ကာကွယ်ပါ

မြန်မာနိုင်ငံဟာ ရေကြောင်းကုန်သွယ်ရေးမှာ သမိုင်းဝင် ဗဟိုချက်ဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ဒေါ်လာဘီလီယံများစွာ နိုင်ငံအနှံ့ စီးဆင်းနေတာပါ။ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ထောက်ပံ့ပို့ဆောင်ရေး ကုမ္ပဏီတွေနဲ့ တခြားကိုယ်စားလှယ်တွေအနေနဲ့ မိမိတို့ရဲ့ အရေးကြီးလှတဲ့ ကုန်စည်တွေကို တစ်နေရာကနေတစ်နေရာ ပို့ဆောင်နေတုန်းမှာ ကြုံတွေ့ရတတ်တဲ့ အန္တရာယ်တွေကနေ ကာကွယ်ထားဖို့ လိုအပ်ပါတယ်။

ကျွန်ုပ်တို့ရဲ့ ရေကြောင်းကုန်ပစ္စည်းအာမခံက သင့်အနေနဲ့ မြန်မာနိုင်ငံအနှံ့မှာ ကုန်းကြောင်း၊ လေကြောင်း သို့မဟုတ် ရေကြောင်းနဲ့ ပြောင်းရွှေ့ပို့ဆောင်နေတဲ့ ကုန်စည်တွေ ထိခိုက်ဆုံးရှုံးမှုကနေ ကာကွယ်ပေးမှာပါ။ ဒီပေါ်လစီက အရည်အသွေးမြင့် အကာအကွယ်နဲ့ သင့်လုပ်ငန်းကို ကာကွယ်ပေးပြီး သင့်အနေနဲ့  ဘာကိုမှ စိုးရိမ်ပူပန်စရာမလိုဘဲ စိတ်အေးစွာ ကုန်သွယ်နိုင်မှာ ဖြစ်ပါတယ်။

သင့်ကုန်စည်တွေဟာ သိပ်အရေးကြီးလှတာမို့ ကံကိုပုံအပ်မထားဘဲ ဒီနေ့ပဲ ကျွန်ုပ်တို့ဆီမှာ အာမခံထားပြီး သင့်ကုန်စည်တွေ လုံခြုံတယ်ဆိုတဲ့အသိနဲ့ စိတ်ချလက်ချနေလိုက်ပါ။

## ဝန်ဆောင်မှုများ

ဒီပေါ်လစီကသင်္ဘောမီးလောင်ခြင်းသို့မဟုတ် ပေါက်ကွဲခြင်းအပြင် သင်္ဘောသောင်တင်ခြင်း၊ နစ်မြှုပ်ခြင်းနဲ့ တိမ်းမှောက်ခြင်းကြောင့် ဆုံးရှုံးထိခိုက်မှုအတွက်အကာအကွယ်ပေးပါတယ်။ မြန်မာနိုင်ငံအတွင်းအခြားသင်္ဘောများနှင့် တိုက်မိခြင်း၊ အခြားပြင်ပအရာများနှင့် ထိခိုက်မိခြင်းအတွက်လည်းကာကွယ်ပေးပါတယ်။

သွင်းကုန်လုပ်ငန်းရှင်များ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ ကုန်စည်ပိုင်ရှင်များ၊ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီများ၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များနဲ့ တရားဝင်ကိုယ်စားလှယ်များအနေနဲ့ ဒီပေါ်လစီကို ရယူထားသင့်ပါတယ်။

## အဓိက အကျိုးခံစားခွင့်များ

- မမျှော်လင့်ထားသော အခြေအနေများနှင့် သင်္ဘောမီးလောင်ခြင်း သို့မဟုတ် ပေါက်ကွဲခြင်းတို့ကြောင့် ဖြစ်လာမဲ့ ပျက်စီးဆုံးရှုံးမှုများအတွက် အကာအကွယ်ပေးခြင်း။

- သင်္ဘောများ သောင်တင်ခြင်း၊ နစ်မြှုပ်ခြင်း၊ တိမ်းမှောက်ခြင်း သင်္ဘောချင်းထိခိုက်မိခြင်း၊ အခြားပြင်ပအရာနှင့် ရေယာဉ်ထိခိုက်မိ၍ ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုအတွက် တို့အတွက် အကာအကွယ်ပေးခြင်း။

- ကုန်းကြောင်းသယ်ယူပို့ဆောင်ရာတွင် လမ်းချော်ခြင်း သို့မဟုတ် တိမ်းမှောက်ခြင်း တို့အတွက် အကာအကွယ်ပေးခြင်း။

